စိတ်ကူးချိုချိုအနုပညာ

ပီ-မိုးနှင်း

# တိုးတက်ရေးလက်စွဲ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

လောကတွင် ကြီးပွားတိုးတက်ခြင်း၏
လမ်းသစ်ကို ဖွင့်ကြသူတို့သည်
အသစ်ထွင်သူများသာ ဖြစ်ကြလေသည်။
ရင်းတို့သည် အမိုက်ကို မီးရှူသလို
အဟောင်းကို မီးရှို့၍ လမ်းသစ်ကို ဖွင့်ကြရာ
ကမ္ဘာသူ ကမ္ဘာသားတို့မှာ
ရင်းတို့၏ ဉာဏ်သီး ဉာဏ်ပွင့်တည်းဟူသော
အကျိုးဆက်ကို ခံစားကြရလေသည်။

ထိုလူမျိုးတို့သည်
မိမိတို့၏ သတ္တိကို မိမိတို့ ယုံကြည်သူများ ဖြစ်ကြ၏။
ရင်းတို့သည် နောက်လိုက်နောက်ပါ
သြဘာလက်ခုပ် တီးသူမပါဘဲ
မိမိတို့ဘာသာ အထီးကျန်ထင်ရာကို လုပ်ရဲကြ၏။
ရင်းတို့သည် အများ၏
အားပေးကူညီခြင်း မရှိမှာကို မကြောက်၊
ရဲရင့်၍ ရေတံခွန်ပမာ မကုန်နိုင်သော
ဉာဏ်သစ်တွေကို ရကြလေသည်။
ရင်းတို့သည် သူတစ်ပါး မလုပ်ဖူးသော
အသစ်တို့ကို လုပ်၏။
သူတပါး မသွားဖူးသော လမ်းကို သွား၏။
သူတပါးမကြံဖူးသော အကြံကို
ကြံကြသူများ ဖြစ်ကြလေသည်။

PMN0024
900.00 KS

mgyoe.com

တိုးတက်ရေးလက်စွဲ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၄၅၁၀၄၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၀၅၅၀၁၁၁ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၁၁ခုနှစ်၊ မတ်လတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာရင်းကောက်ချက် သတ္တု

၇၉၅ ၀၇၃

ဝီ-မိုးနင်း

တိုးတက်ရေးလက်စွဲ / ဝီ-မိုးနင်း ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂ ကြိမ်၊ ၂၀၁၁။

စာမျက်နှာ ၁၀၇ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၇.၅ စင်တီ

(၁) တိုးတက်ရေးလက်စွဲ

mgyoe.com

mgyoe.com

# တိုးတက်လိုသူများ

လူဟူသမျှမှာ သဘာဝနှစ်မျိုးစီရှိ၏။ တစ်မျိုးက တိုးစေတက်စေသော သဘာဝဖြစ်၍ ကျန်တစ်မျိုးကား မတိုးမတက်ရအောင် ချုပ်ချယ်သော သဘာဝပေတည်း။

ထိုသဘာဝ နှစ်မျိုးအနက် လေ့ကျင့်ရာ သဘာဝသည် လူ၏စိတ်နှင့် လူ၏ကိုယ်ကို လွှမ်းမိုးစေလျက် နောက်ဆုံး၌ အဘယ်ကဲ့သို့သောသူ ဖြစ်ရမည်ကို စီမံပြဋ္ဌာန်းလေသည်။

ထိုသဘာဝ နှစ်မျိုးသည် လူ၏သန္တာန်၌ စစ်ပြိုင်၍နေ၏။ သူနိုင်မည်။ ငါကနိုင်မည်ဟု အားဆင်လျက်နေ၏။ သို့သော်လည်း သူကိုယ်တိုင်က အားပေးမှသာ အနိုင်ရနိုင်လေရာ လူသည် အဘယ်သဘာဝကို အားပေးလေ့ရှိပါသနည်းဟု လောကကြီးတစ်ခုလုံးမှာကြည့်လျှင် အများအားဖြင့် လူသာမန်တို့သည် အသက်နှင့်သဘာဝကို အားပေးကြသူများဖြစ်ကြောင်း တွေ့ရှိနိုင်လေသည်။ အကြောင်းမူကား ထိုသဘာဝနှစ်မျိုးကို အတက်၊ အသက်ဟု ခေါ်ဆိုနိုင်လေသည်။

တစ်သက်လုံးပြေးလျက် တက်လျက်နေသော လူဖျင်း၊ လူနေး၊ လူအေးတစ်ယောက်သည် ရုတ်တရက်ချက်ချင်း အကြောင်းတစ်ခုခုကြောင့် သတိတရားရပြီးလျှင် မိမိကိုယ်ကို မိမိပြောင်းလဲကာ အတက်သမားဖြစ်

mgyoe.com

mgyoe.com

အောင် လုပ်နိုင်လေသည်။ ထိုအခါ ရှေးအခါက မလုပ်ဖူး၊ မကြုံဖူးသေးသောအရာများကို လုပ်ကိုင်ကြံစည်ခါ အံ့ဖွယ်ဖြစ်လောက်အောင် အောင်မြင်တိုးတက်၍ လာနိုင်လေသည်။

စာဖတ်သူသည် ဤကဲ့သို့သော လူမျိုးဖြစ်လိုက ယခုပင် တစ်ထိုင်တည်းမှာ ပြုပြင်ပြောင်းလဲနိုင်လေသည်။ အကြောင်းမူကား မည်သူ့မှာမဆို ပြုပြင်ပြောင်းလဲနိုင်သော သတ္တိရှိလေသည်။ ထိုသတ္တိသည် လူတိုင်းမှာရှိ၏။ ထိုသတ္တိမရှိက လူမဟုတ်။ အဟိတ်တိရစ္ဆာန်မျိုးတွင် အပါအဝင်ဖြစ်လေသည်။

အဟိတ်တိရစ္ဆာန်များမှာ မွေးစကတည်းက မပြောင်းမလဲနိုင်အောင်အသေလုပ်၍ထားသော စက်ရုပ်လို ဖြစ်၍လာကြရာ ဟင်းစားကြက်သည်ကြက်ကောင်းမဖြစ်နိုင်။ ကြက်ကောင်းသည်လည်း ဟင်းစားကြက်မဖြစ်နိုင်ပေ။ ရထားမြင်းသည် အဘယ်အခါမှ ဒုန်းမြင်းအဖြစ်သို့မရောက်။ ဒုန်းမြင်းသည် ရထားမြင်းအဖြစ်သို့ မဆင်းမသက်နိုင်ပေ။ လူမှာမူကား ထိုကဲ့သို့မဟုတ်။ ပြောင်းလဲနိုင်သော လွတ်လပ်ခြင်းသဘောကို မည်သူမဆိုရရှိလေသည်။

လူကောင်းသည် တစ်နည်းနည်းဖြင့် ဖောက်ပြန်ပြောင်းလဲကာ လူဆိုးဖြစ်နိုင်၏။ လူဆိုးသည် အကြောင်းတစ်ခုခုကြောင့် သံဝေဂရပြီး ရုတ်တရက်ချက်ချင်း လူကောင်းဖြစ်နိုင်လေသည်။

အသင်သည် ထိုကဲ့သို့သောလူမျိုး ဖြစ်နိုင်လေသည်။ အသင်သည် အဘယ်မျှပင် ညံ့ဖျင်း၍ လူ့အောက်ကျခဲ့သူ ဖြစ်သော်လည်း အိပ်ပျော်ရာမှ နိုးသူအလား၊ လူဟောင်းပျောက်၍ လူသစ်ဖြစ်နိုင်၏။ အသင်၏အတွင်းသဏ္ဍာန်၌ အနှစ်သာရအရ အမြုတေရှိ၏။ မသုံးဘဲထားသောကြောင့်သာ ငုတ်၍နေလေသည်။ ဤစကားကို မယုံလျှင် ပြုပြင်၍ကြည့်။ တစ်နာရီပြုပြင်၍ရလျှင် တစ်ရက်ပြုပြင်၍ရလျှင် တစ်နှစ်ပြုပြင်၍ရ၏။ တစ်နှစ်ပြုပြင်၍ရလျှင် အဘယ်အတွက် တစ်သက်လုံးပြုပြင်၍ မရအပ်ပါသနည်း။ သို့ဖြစ်လေရာ အသင့်ကိုယ်ကိုယ် နေ့စဉ်နေ့တိုင်း "ထပါ၊ ကြွပါ၊ မဟာဝိ

mgyoe.com

mgyoe.com

ကလေးရယ်က" ဟူသော တေးတို့ဖြင့် နှိုးဆွကာ ကလိ၍ပေးရန်လိုလေသည်။

**မထ** မကြွသမျှ အသင်သည် ယောကျ်ားမဟုတ်။ ယောကျ်ားမှသာ ထနိုင်ကြွနိုင်၏။ မထနိုင်မကြွနိုင်လျှင် ယောကျ်ားမဟုတ်။ မဟာဝါ နတ်**ကညာက**လေးသာ ဖြစ်ရရှာပေလိမ့်မည်။

**လောက**၌ မတ်မတ်မားမား ထောင်နိုင်သူမဟုတ်သမျှ လူပြား၊ **လူပြောက်**၊ လူငပျောက်မျိုးသာ ဖြစ်ဖို့ရှိလေသည်။ ရှက်ဖွယ်မကောင်းပေလော။

အသင်အားလည်း လဲလျောင်းကာ မြေမှာ ပြားကပ်၍နေရာမှ ဆွဲ၍ထူနိုင်သောသူသည် အသင်ပင်ဖြစ်၏။ အခြားဂြိုဟ်၊ အခြားနတ်လာ၍မထူ။ အသင်ကိုယ်တိုင် အားယူ၍ထမှ ကြွနိုင်လေသည်။

ကျွန်ုပ်တို့၏ အတွင်းသဏ္ဌာန်၌ နတ်နှင့်တူသော သဘာဝနှင့်တိရစ္ဆာန်၊ ပြိတ္တာနှင့်တူသော သဘာဝနှစ်မျိုးရှိရာ ကျွန်ုပ်တို့ အခွင့်ပေးရာသဘာဝတို့သည် ကျွန်ုပ်တို့ကို အစိုးရမြဲ ဖြစ်လေသည်။ နတ်ကို အခွင့်ပေးမလား၊ ပြိတ္တာကို အခွင့်ပေးမလားဟု မိမိကိုယ်ကိုယ် နေ့စဉ်မေးကြပါကုန်။

အသင်မလုပ်ချင်သောအရာကို မည်သူကမျှ အတင်းလုပ်ရမည်ဟု အဓမ္မမပြုနိုင်ပေ။ အသင် လုပ်ချင်ရာကို လုပ်နိုင်၏။

မျိုးရိုးဇာတိဟူသော စကားရှိ၏။ "သည်ပုတ်ထဲကသည်ပဲ" ဟူသော စကားသည် မပြောင်းမလဲနိုင်သော ပရမတ်သဘောတရားမဟုတ်ကြောင်း ရာဇဝင်၌ ထင်ပေါ်ကျော်ကြားသူများ၏ မျိုးရိုးကို ထောက်ချင့်၍ သိရပေ၏။

အလွန်ကြီးကျယ်သော မျိုးရိုးသည် "ချောင်းရိုးမြောင်းရိုး" ပမာ တိမ်ကောနိုင်သလို သိမ်ငယ်သော မျိုးရိုးသည်လည်း မြေပြင်မှ တောင်ပို့ပေါက်သလို ထွက်ပေါ်နိုင်လေသည်။ စိန်ကျောက်ရတနာတို့သည် စိန်ကျောက်ရတနာမှ မထွက်။ မြေမှထွက်သကဲ့သို့တည်း။

mgyoe.com

mgyoe.com

အသင်၏ မျိုးရိုးသည် အဘယ်မျှပင် သိမ်ငယ်စေကာမူ အသင် ကြီးကျယ်နိုင်၏။ အသင်၏ဇာတိမှာ ဗေဒင်ဆရာက အဘယ်မျှပင် အောက် တန်းကျ၍ ဟောစေကာမူ ဥစ်၊ ကသစ်မရ၊ နိစ်ပြတွေ အဘယ်မျှပင် ဖိစီးစေကာမူ အားငယ်စရာမရှိ။ အသင်၏ စိတ်သာပဓာန ဖြစ်လေသည်။

များစွာသော သူတို့မှာ ဗေဒင်ကိုမေးကြပြီးနောက် ဗေဒင်ဆရာ၏ ဟောကိန်းနှင့်ညီအောင် ကျင့်တတ်ကြလေသည်။ ဗေဒင်က အညံ့စားဟု ဟောခြင်းကြောင့် မိမိကိုယ်ကိုယ် အညံ့စားဖြစ်အောင် လုပ်တတ်ကြလေ သည်။

အလေ့အကျင့်သည်လည်း ထို့အတူဖြစ်၏။ အဘယ်မျှပင် ဆိုးသော အလေ့အကျင့် ဖြစ်စေကာမူ ကိုယ်ခန္ဓာ၌ ငြိတွယ်သော ရောဂါကဲ့သို့ စိတ်တည်းဟူသော ဆေးဖြင့် ပပျောက်အောင် ကုသနိုင်လေသည်။ “ငါဟဲ့ ယောကျ်ား” I will ခေါ်သော ဆေးဖြစ်လေသည်။

သို့ဖြစ်လေရာ ငါ– ငါဟူ၍ ဆင်ခြင်ကာ ငါလုပ်မယ်။ ငါဖြစ်နိုင် တယ်။ ငါ့မှာ ဘာမဆိုဖြစ်အောင် လုပ်နိုင်သော အစွမ်းသတ္တိ ရှိတယ်ဟူ၍ အိပ်ရာဝင်သည့်အခါတိုင်း ပုတီးအလုံး အစိတ်သုံးဆယ်ခန့် စိတ်မပျံ့လွင့် ဘဲ စူးစိုက်ဆင်ခြင်နိုင်သောအလေ့ကို ပြုရမည်။ ထိုကဲ့သို့ စူးစိုက်သော သတ္တိကို ရရှိသောအခါ၌ အသင်၏ စိတ်အားတန်ခိုးသည် အလိုလိုတိုး တက်၍ လာပါလိမ့်မည်။ နံနက်တိုင်း၊ ညတိုင်း စိတ်မပျံ့မလွင့်ဘဲ ရွတ်ဆို နိုင်ခြင်းသည် ပေ့သော အလုပ်၊ လွယ်သောအလုပ် မဟုတ်ပေ။ ထိုအလုပ် ကို မှန်မှန်လုပ်နိုင်ခြင်းပင်လျှင် သတ္တိတန်ခိုး ဖြစ်လေသည်။ မလွယ်သော် လည်း မဖြစ်နိုင်သော အလုပ်မဟုတ်။ အသင်၏စိတ်သာ ပဓာနဖြစ်လေ သည်။

စိတ်ထဲ၌ မဖြစ်နိုင်ဘူး၊ ခက်သည်ဟူသော အတွေးအထင်မျိုးကို အဘယ်အခါမျှ ပေါ်ပေါက်ရန် အခွင့်မပေးအပ်ပေ။ လွယ်တယ်၊ ငါလုပ် လျှင် ဘာမဆိုဖြစ်တာပဲဟူသော စိတ်ကို အမြဲဆောင်၍ထားသော အလိုလို သတ္တိတုံးကြီး ဖြစ်၍လာနိုင်လေသည်။ လူသည် တွေးကြသလိုဖြစ်၏။

mgyoe.com

mgyoe.com

ဤစကားသည် မလွဲနိုင်သော စကားဖြစ်၏။ အတွေးပျော့လျှင် သတ္တိတန်ခိုးပျော့၏။ အတွေးမာလျှင် သတ္တိတန်ခိုးတိုးတက်ရလေသည်။

Opportunity knocks at our door "လမ်းအခွင့်သည် ကျွန်ုပ်တို့၏ အခန်းတံခါးကိုလာ၍ ခေါက်၏" ဟူသော စကားသည် မဟုတ်မမှန်ပေ။ လမ်းအခွင့်သည် ရေစီးသလို ငှက်ပျံသလိုသွားလျက် နေကြရာလူသည် ပွင့်လင်းသော ဉာဏ်မျက်စေ့မြင်လျှင် မိအောင်ဖမ်းမည်ဟူသော နိုးကြားသောစိတ်၊ စုံလင်သော လက်နက်ကိရိယာများနှင့် စောင့်၍ဖမ်းရ၏။ လိုက်၍သော်လည်းကောင်း ရှာရလေသည်။

လက်နက်ဆိုသည်မှာ အခြားမဟုတ်။ ဆိုင်ရာအတတ်ပညာမျိုးကို တတ်ခြင်း၊ နည်းလမ်းစံနစ်ကို နားလည်ခြင်း ဖြစ်လေသည်။ အင်ဂျင်နီယာအတတ်ကို ကုန်စင်အောင် တတ်၍ထားမှသာ အင်ဂျင်နီယာနှင့်ဆိုင်သော လမ်းအခွင့်တို့ကို ဖြစ်နိုင်၏။ အရောင်းအဝယ်အတတ်ကို ကုန်စင်အောင် တတ်မှသာ ရောင်းဖို့ရန် လမ်းအခွင့်များကို မြင်လွယ်၏။ ကန်ထရိုက်အလုပ်နှင့် ဆိုင်သမျှ အကုန်အစင်တတ်မှသာ ကန်ထရိုက် အလုပ်ဖြင့် ကြီးပွားနိုင်သော လမ်းခွင့်တို့ကို တွေ့မြင်နိုင်လေသည်။

ယခုခေတ်သည် အပြိုင်များသောခေတ်ဖြစ်လေရာ အမြင်မြန်သူ၊ အဖမ်းမြန်သူများ ပိုမို၍ ကြီးပွား၏။ ဖင့်နွှေးသူ စိတ်ကူးခိုက်မှာ လျှင်မြန်သူလုပ်၍ ပြီး၏။ လုပ်၍ပြီးသူက အောင်မြင်ခြင်းကို ရှေးဦးစွာရ၍ ပိုမိုတိုးတက်မြဲ ဖြစ်လေသည်။

'အကြံကောင်းတစ်ချက်' ဟူသော စကားမဟုတ်ပေ။ အကြံမှာ အလုပ်မြန်ဖို့ လိုလေသည်။ ယခုခေတ်သည် ခေတ်မြန်ဖြစ်လေသည်။

အလုပ်တစ်ခုခုကိုလုပ်လျှင် ထိုအလုပ်နှင့်ပတ်သက်၍ မိစရာ မှတ်စရာနည်းလမ်းရှိသမျှတို့ကို သင်ကြား မှတ်သားရာကြံရ၏။ သို့မရှာမကြံကအသိပိုသူတွေစား၍ ကြွင်းကျန်မှသာ စားရပေလိမ့်မည်။

ဤစာကို အသင်ဖတ်ရုံမျှနှင့် ကြီးပွားမည် မဟုတ်ပေ။ ဖတ်ပြီးစဉ်းစားပါ၊ စဉ်းစားပြီးလုပ်ပါ။ သို့မှသာ ကြီးပွားနိုင်၏။

mgyoe.com

mgyoe.com

ဘာကိုလုပ်ရမလဲဟု မေးသောစိတ်ကို စာရေးသူသိ၏။ စဉ်းစားကြည့်လျှင် ဘာကို လုပ်ရမလဲဟူသောအချက် ပေါ်၍လာလိမ့်မည်။ ဘာကိုလုပ်ရမလဲဟူသော အသိကို အသင် မရက အခြားသူတစ်ဦးဦး ရလိမ့်မည်။ ရဲရင့်သောစိတ်သည် လမ်းအခွင့်ကို သိလွယ်၊ မြင်လွယ်၊ တွေ့လွယ်လေသည်။

"ဒီအလုပ် ငါနဲ့ အကျိုးမပေးဘူး။ ငါ– ဒီအလုပ်ကို ကောင်းကောင်းတတ်တယ်။ ဖေဒင်က အင်္ဂါနံအလုပ်ကို လုပ်ရမည်ဟောတယ်" ဟူသော အစွဲမျိုးကို ဖြုတ်ကြရမည်။ ထိုအစွဲမျိုးသည် မြန်မာလူမျိုးတစ်ရာလျှင် ရှစ်ဆယ်ခန့်ကို ခရီးမပေါက်အောင် ထူးခတ်၍ထား၏။ အလုပ်သည် ဂြိုဟ်,နက္ခတ်နှင့်မဆိုင်။ ဝါသနာနှင့် ဆိုင်လေသည်။

လမ်းအခွင့်သည် နေရာအရပ်တိုင်းမှာ ရှိ၏။ ရှေးဦးပထမဆန္ဒ၊ ထို့နောက် အလုပ်၊ ဤကား ကြီးပွားအောင်မြင်ခြင်း၏ အုတ်မြစ်အခြေပေတည်း။ မည်သူမဆိုအတတ်နှစ်မျိုး၊ သုံးမျိုးကို ကျင်လည်စွာတတ်နိုင်၏။ ဟိုကွေ့မှာ ဟိုဘက်၊ ဤကွေ့မှာဤဘက်။ ရောက်ရာမှာ မိမိ၏ဉာဏ်၊ မိမိ၏ လက်ကို အသုံးပြုနိုင်သူ ဖြစ်ရမည်။ အချို့က အတတ်များလျှင် ဆင်းရဲတတ်သည်ဟု ပြောကြ၏။ ယခုခေတ်မှာ အလုပ်ရလွယ်၏။ ရသော အလုပ်ကို စွဲမြဲစွာလုပ်ဖို့သာ လိုလေသည်။ အတတ်ပညာတို့သည် တစ်မျိုးနှင့်တစ်မျိုး၊ တစ်နည်းနည်းအားဖြင့် ဆက်သွယ်၍ နေရာ တစ်မျိုးကို လုပ်ရာ၌ အခြားတစ်မျိုး၏ အကူအညီကိုရသောသူမှာ မရသော သူထက် ကြီးပွားဖို့လမ်းများလေသည်။

မော်တော်ကား ပြင်တတ်သူမှာ လျှပ်စစ်အတတ်ကို တတ်လျှင် အကူအညီကို ပိုမို၍ရနိုင်၏။ ပန်းပဲအတတ်ကိုတတ်လျှင် အခြားမတတ်သူများထက် အသုံးဝင်နိုင်လေသည်။ အတတ်များရမည်။ အလုပ်တစ်ခုခုမှာ မြဲရမည်။ အတတ်များ၍ ပျက်စီးသူများမှာ မာနထောင်လွှား စကားမခံငါ့မှာ အတောင်ပံစုံသည်ဟု ပုန်ကန်တတ်သူများသာ ပြောင်းလဲရင်းငတ် တတ်လေသည်။

mgyoe.com

မိမိလုပ်သောအလုပ်၌ သိစရာရှိသမျှ၊ တတ်စရာရှိသမျှကို အကုန်တတ်အောင် ကြိုးစားလျက် ငါအဘယ်လောက်မျှ နည်းစွာလုပ်မည်ဟူသော စိတ်ကိုမထား။ ငါအဘယ်လောက် များနိုင်သမျှ များစွာလုပ်ရပါမလဲ ဟူ၍ အချက်အလက်ကို မျက်စိရှင်ရှင်နှင့် ကြည့်သောသူမှာ အကြီးအကဲ အဖြစ်ကို ရောက်နိုင်လေသည်။

ယခု နီးကပ်၍လာသော ခေတ်သည် အတတ်ပညာခေတ်ကြီးဖြစ်၏။ အတတ်ပညာ၌ တစ်ပါးသူ၏ အကျိုးကို အခစားအဖြစ်နှင့် ဆောင်ရွက်နိုင်မှသာ ကိုယ်ပိုင်သခင်အဖြစ်ကို ရောက်ကြရပေလိမ့်မည်။ သို့ဖြစ်လေရာ ကြီးပွားလိုသူမှန်က ခေတ်ကာလဆိုင်ရာ အတတ်တို့ကို သင်ကြားရာ၏။ သို့သင်ကြားရာ၌ မိမိအထူးတတ်မြောက်သော အတတ်နှင့် နီးစပ်သည့် အဆွယ်အမြောင်အတတ်နှစ်မျိုး၊ သုံးမျိုးကို အကူအညီရအောင် သင်ရလေသည်။

လူမျိုး၏ ကြီးပွားခြင်းသည် အတတ်ပညာ၌တည်၏။ ကမ္ဘာကြီးတစ်ဝန်းလုံးမှာ ငွေကြေးကြပ်သည့်အခါ ဂျပန်လူမျိုးများ၌ မကြပ်သည်မှာ အတတ်ပညာ၏ အစွမ်းကြောင့် ဖြစ်လေသည်။

လောက၌ကြီးပွား၍နေသူ ဟူသမျှသည် ဉာဏ်ကြီးသူများမဟုတ်။ တစ်ခုခုကို စူးစိုက်စွဲမြဲစွာ လုပ်သဖြင့် ထိုအလုပ်များနှင့် ပတ်သက်သမျှကို ကျွမ်းကျင်နားလည်၍နေသော သူများဖြစ်ကြလေသည်။

သို့သော်လည်း ကြီးပွားအောင်မြင်သည့်သူမှာ အောင်မြင်ဖို့ အချက်အလက်တွေကို အမြဲရှုကြည့်မျှော်လင့် ထင်မြင်လေ့ရှိ၏။ ပျက်မည့်လူမှာ အပျက်ကိုသာ ထင်မြင်လျက် နေရာမကျပါဘူး။ မဖြစ်ပါဘူး။ ဘယ်သူတွေလုပ်သွားတာ၊ လိမ့်သွားပါပကော။ ဘယ်ဟာဝါဖြင့် မွဲသွားတာပဲ ဟူသော စကားမျိုးကို ပြောတတ်လေသည်။ သွက်သွက်လက်လက် ထက်ထက်မြက်မြက်နှင့် ပါးရည်၊ နပ်ရည်ရှိလျက် လူသာမည အနိမ့်စားဖြစ်၍ နေသူတွေများစွာရှိကြသည်မှာ ထိုအပျက်စိတ်မျိုးတွေကြောင့် ဖြစ်ကြလေသည်။

mgyoe.com

mgyoe.com

သို့ဖြစ်လေရာ၊ မည်သူမဆို လစဉ်လတိုင်း မိမိကိုယ်ကိုယ် စစ်ဆေးလျက် ငါ့အရင်လကထက် ယခုလ ဘာများတိုးသလဲဟု မိမိကိုယ်ကိုယ် ဆင်ခြင်ကာ မတိုးလျှင် အဘယ်အတွက်ဟူသော အကြောင်းရင်းကို ရှာဖွေပြီးလျှင် မိမိကိုယ်ကိုယ် **"ထပါ၊ ကြွပါ၊ မဟာဝါကလေးရဲ့"** ဟူသော တေးဖြင့် မဟာဝါ အပျော့စားအဖြစ်မှ ကိုဟာဝါ အမာစားဖြစ်လျက်၊ ပြောင်အောင် တောက်အောင် ကြိုးစားအပ်လှပေသည်။ အကြောင်းမူကား ကစရာ၊ ပြစရာ၊ အလုပ်တွေ တစ်နေ့တခြား များ၍လာသော ခေတ်ကြီးဖြစ်ပေသောကြောင့်တည်း။

❐

mgyoe.com

mgyoe.com

# ဘေးအန္တရာယ်ကို မကြောက်ရ

အစုအဝေးနှင့်နေကြသော တောတိရစ္ဆာန်များအား၊ ဘေးအန္တရာယ်နှင့် တွေ့ကြုံသည့်အခါ ဗိုလ်လုပ်သော တိရစ္ဆာန်သည် ၎င်းဘေးအန္တရာယ်ရှိရာသို့ ရှေးဦးပထမစွန့်စား၍ တစ်ကောင်တည်း သွားရလေသည်။ အခြားနောက်ပါတို့ လိုက်ဖို့ရန် အခွင့်ပေးလေ့ မရှိပေ။ ဤကား ဘေးကိုမကြောက်ခြင်း၊ မိမိ၏နောက်ပါတို့ကို ကွယ်ကာစောင့်ရှောက်ခြင်း၏ အထိမ်းအမှတ်ဖြစ်လေသည်။ ဤကဲ့သို့မစွန့်ရဲချေက ခေါင်းဆောင်ဘုရင်အဖြစ်၌ မတည်နိုင်။ ရဲရင့်သောနောက်ပါ တစ်ကောင်က ဦးချိုဖြင့် ၎င်းကို ဇော့တတ်လေသည်။ ထိုအခါ ၎င်း၏ နောက်ပါတိရစ္ဆာန်အမတို့လည်း ၎င်းကို စွန့်ခွာကာ နောက်တက်သူအား ခစားကြရလေသည်။

ခေါင်းဆောင်ဖြစ်လိုသူမှန်က အသက်ဘေးကို မရှောင်ရ။ အသက်ကို စွန့်စားခြင်းဖြင့် ခေါင်းဆောင်အဖြစ်ကို ဝယ်ယူကြရလေသည်။

ခေါင်းဆောင်သည် ပညာနှင့်မဆိုင်။ သူရသတ္တိရှိခြင်း၊ လျင်မြန်ခြင်း၊ နောက်ပါတို့၏ အကျိုးစီးပွားကို တကယ်လိုလားခြင်းရှိမှ ခေါင်းဆောင်ဗိုလ်မှူးအာဏာပိုင် ဖြစ်နိုင်လေသည်။ မိမိကိုယ်ကိုယ် လည်းကောင်း၊ သူတစ်ပါးကို လည်းကောင်း၊ သုတ်သင်ရန်အရေးရှိက ဦးမလေးအပ်ပေ။

အင်္ဂလိပ်လူမျိုးများသည် ထိုကဲ့သို့စွန့်စားသော စိတ်၊ မကြောက်သော စိတ်၊ ဘေးအန္တရာယ်နှင့် ရင်ဆိုင်တွေ့သည့်အခါ မလှုပ်မရှား ခြသေ့်များ

mgyoe.com

mgyoe.com

လို တည်ကြည်ခိုင်ခံ့သောစိတ်၊ ဤစိတ်မျိုးကြောင့်ဖြစ်၏။ စကော့လူမျိုး၊ အင်္ဂလိပ်လူမျိုးများမှာ ရပ်ထဲရွာထဲ၌ ထိတ်လန့်တကြား ရှန်းရင်းဆန်ခတ် ဖြစ်လေ့မရှိ။ တစ်စုံတစ်ရာ ကြောက်မက်ဖွယ်အရေးပေါ်လျှင် ငြိမ်ငြိမ်သက်သက်နှင့် အကြောင်းရင်းကို သိအောင်ကြည့်ရှုဆင်ခြင်လေ့ရှိ၏။ သို့ဖြစ်သောကြောင့် ကမ္ဘာကို အစိုးရကြလေသည်။

ဒုက္ခတွေ့သည့်အခါ အင်္ဂလိပ်လူမျိုး၊ စကော့လူမျိုးတို့သည် ညည်းညူလေ့မရှိ။ ကစား၍ရှုံးသည့်အခါ အိတ်တောင်ပေါ့သေးရဲ့ဟု သဘောထားကြ၏။ လက်ဗွေ့ထိုးရာ၌ နာလောက်အောင်ဖြစ်သည့်အခါ တစ်ဖက်သားရန်သူကို ပြုံးလျက် လက်ဆွဲနှုတ်ဆက်နိုင်၏။ မိမိတို့ကိုယ်ကိုယ်ကား သနားကရုဏာထားလေ့ မရှိကြပေ။

ဤသို့ဖြစ်ခြင်းသည် ကမ္ဘာကိုလှည့်ခြင်း၊ တိုင်းသစ်ပြည်သစ်ရှာခြင်း၊ တောတောင်အရိုင်းများကို ယဉ်အောင်ထွင်ခြင်း၊ ဘေးအန္တရာယ်မကင်းသော အလုပ်များကို ရှာလေ့ရှိခြင်းကြောင့်ဖြစ်၏။

၎င်းလူမျိုး နှစ်မျိုးမှတစ်ပါး၊ အခြားလူမျိုး ဟူသမျှမှာ အသည်းကြောင်တွေသာ များကြ၏။ ကြောက်မရာအရေးတစ်ခုပေါ်က မြို့ရွာပျက်အောင် ထိတ်လန့်တတ်ကြသည်သာ များလေသည်။ ၎င်းတို့မှာ ယုန်သူငယ်တွေနှင့်တူကြ၏။ ဘေးတွေ့လျှင် ပုန်းရှောင်ကြလေသည်။

ရုရှားပြည်၌ လူပေါင်း ၁၆၀,၀၀၀,၀၀၀ ရှိရာ ရဲစွမ်းသတ္တိရှိသော ဗိုလရှီဗျစ်ကလေးအနည်းငယ် လုပ်သမျှကိုခံ၍ နေကြရ၏။

ရုရှားပြည်၊ တရုတ်ပြည်တို့မှာ ခေါင်းဆောင်ကောင်း လွန်စွာနည်းပါး၏။ အိန္ဒိယနှင့် မြန်မာပြည်မှာကား ခေါင်းဆောင်ကောင်း လုံးလုံးမရှိသေးပေ။ ခေါင်းဆောင်အစား ခေါင်းရှောင်တွေသာ များကြလေသည်။

မစ္စတာဂန္ဒီ၊ ဂို့စ်ကလေး၊ ဒါစ်ခေါ် ပုဂ္ဂိုလ်ကြီးများ ခေါင်းဆောင် မဟုတ်ပါလောဟု မေးပေလိမ့်မည်။

၎င်းတို့မှာ ခေါင်းဆောင်ဖြစ်သော ခေါင်းဆောင်အဖြစ်ကို ရောက်အောင်ကြိုးစား၍ နေသူများသာဖြစ်၏။ ဖြစ်မည်မဖြစ်မည်ကို ၎င်းတို့၏

mgyoe.com

mgyoe.com

အနာဂတ်အလုပ်များဖြင့်သာ သိဖို့ရှိ၏။ ယခုမှာကား လက်ခုပ်လက်ဝါတီး၍ ချီးမြှောက်ပူဇော်ခြင်းများကို ခံလျက်၊ ထောင်ကိုကျလျှင်လည်း မင်းသားများလို နေရရုံမျှရှိသေး၏။ မစ္စတာဂန္ဒီ၏ အငတ်ခံခြင်းများမှာ အမျိုးသားများအတွက် ဘေးအန္တရာယ်အတွင်းသို့ ဝင်ခြင်းမဟုတ်။ မိမိ၏ ဝဋ်တစ်ခုမျှ ဖြစ်လေသည်။ အစာငတ်ခံခြင်းကြောင့် တိုင်းပြည်မှာ အကျိုးမခံစားရ။ ဟိန္ဒူ၊ မွတ်ဆလင်များပို၍ မယဉ်ကျေး၊ မလိမ်မာ၊ လွတ်မြောက်ခြင်းနှင့်လည်း မဆိုင်ပေ။

လူသတ္တဝါအများဆုံးတို့မှာ လုံခြုံရာကို ရှာကြ၏။ ကမ္ဘာဦးအိမ်များသည် ပုန်းလျှိုရာ ဂူအများဖြစ်ကြလေသည်။

လွန်ခဲ့သော နှစ်ပေါင်းငါးသိန်းခန့်အတွင်း၌ လူသတ္တဝါတိုင်း ပထမအရေးသည် ဘေးရန်ကာဖို့အရေးသာ ဖြစ်ခဲ့လေရာ ခေါင်းဆောင်တို့၏ ပထမအရေးသည် ဘေးတွေ့ခြင်း၊ ဘေးကိုတွေ့အောင်ရှာ၍ တိုက်ခိုက်ခြင်းပေတည်း။

ခေါင်းဆောင်သည် ဘေးတွေ့ရမှာကိုလည်း မကြောက်ရ။ အပြစ်တင် ကဲ့ရဲ့ခြင်းများ ခံရမှာကိုလည်း မကြောက်ရ။ ၎င်းတစ်ယောက်တည်းကသာ အများအတွက် ခံတပ်သဖွယ် ဖြစ်ရလေသည်။

စစ်ပွဲ၌ လည်းကောင်း၊ အလုပ်အကိုင်၌ လည်းကောင်း၊ ဗိုလ်ဆွဲသူသည် လူပုမဟုတ်။ လူအေးဖြစ်၏။ ဘေးရန်အတွက် အခက်အခဲတွေ့လျှင် ပြုံးရွှင်သောမျက်နှာနှင့် လက်ပိုက်ခါ ဆင်ခြင်တတ်သော ဉာဏ်ရှိရမည်။

သူရဲကောင်းသည် စော်ကားမော်ကား ပလွှားဂုဏ်မောက် ရဲရဲတောက်သောအသွင်ကို အပြင်၌မပြရပေ။ အသွင်သည် အပြင်နှင့်ဆိုင်၏။ အတွင်းမှာ တစ်စုံတစ်ရာမျှမရှိဘဲ နေတတ်သဖြင့် ဟန်သမားဖြစ်တတ်လေသည်။

အချို့သောသူများမှာ ဘေးရန်၌ ပျော်ပိုက်၍ ဘေးရန်ကိုသာ တွေ့အောင်ရှာကြ၏။ ဥရောပတိုင်းသားများသည် ဤစိတ်မျိုးကြောင့် ကမ္ဘာကို အစိုးရကြလေသည်။

mgyoe.com

mgyoe.com

အိန္ဒိယတိုင်း၊ အာဖရိကတိုင်း၊ အမေရိကန်တိုင်းများ၌ ရှင်ဘုရင်လုပ်လိုလျှင် ရှင်ဘုရင်ဖြစ်နိုင်သော အင်္ဂလိပ်လူမျိုးတွေ ပေါ်ပေါက်ခဲ့ကြ၏။ သို့သော်လည်း ရဲရင့်သလောက် သစ္စာရှိကြသဖြင့် မိမိတို့၏လက်ရုံးအစွမ်းဖြင့်ရရှိသော အင်္ဂလန်ပြည်ထက်ကျယ်ပြောသော တိုင်းနယ်၊ပြည်နယ်တို့ကို မိမိတို့၏ အစိုးရတို့အား ပေးကြလေသည်။

ဤလောက ဖြောင့်မှန်တရားသော လောကမဟုတ်။ တန်ခိုးကြီးသူအစိုးရသော လောကဖြစ်၏။ နွားများ၊ ကျွဲများကို ကျွန်ုပ်တို့သံချွန်နှင့်ထိုး၍ ခိုင်းစေရာ၌ တရားလမ်းမကျသော်လည်း ကျသည်ဟုကျွန်ုပ်တို့မှတ်ထင်ကာ ငါ့နွား၊ ငါ့ကျွဲဟု ပြောကြ၏။ နွား၏လွတ်လပ်ခွင့်ကို ကျွန်ုပ် တို့ အဘယ်အတွက် ဖျက်ဆီးသင့်ပါသနည်း။

ဤလောကကြီးသည် နိုင်ရာစား လောကဖြစ်၏။ ဥရောပတိုင်းသားတို့သည် နှစ်ပေါင်းများစွာ စွန့်စားခြင်းဖြင့် တန်ခိုးသတ္တိနှင့် ပြည့်စုံကြသောကြောင့် အာရှနှင့် အမေရိကန်နိုင်ငံများတွင် ဗိုလ်လုပ်ခါ အုပ်စိုးခဲ့ကြ၏။ ၎င်းတို့ကဲ့သို့ဖြစ်အောင် ရဲစွမ်းသတ္တိ စွန့်စားခြင်း၏ လေ့ကျင့်ခန်းကို မရကြသေးသမျှ၊ ၎င်းတို့၏ လက်အောက်မှ လွတ်ဖို့ရန် ခက်လေသည်။ တရားခြင်း၊ မတရားခြင်းအကြောင်းကို ပြောဆိုအော်ဟစ်ဆူပူသော်လည်း အကျိုးမရှိ၊ နွားကို ကျွန်ုပ်တို့နိုင်သည်မှာ တရားပါ၏လား။

ကနေဒါပြည်သည် ဘေးအန္တရာယ်လွန်စွာများသော ပြည်ဖြစ်၏။ အာဖရိကတိုင်း၌ ကိုက်တစ်ရာလောက်မှာ ခြင်္သေ့များ ဟောက်၍နေသည်ကို နားထောင်၍ အိပ်ကြရ၏။ ထိုလောက် ကြောက်မက်ဖွယ်ကောင်းသော ပြည်များကို အင်္ဂလိပ်များ ရောက်ကြသည်မှာ စွန့်စားခြင်းကြောင့် ဖြစ်လေရာ တိုင်းရင်းသားများအပေါ်၌ တရားခြင်း၊ မတရားခြင်းနှင့် တစ်စုံတစ်ရာမသက်ဆိုင် အင်္ဂလိပ်များ အုပ်စိုးသည့်အတွက် တိုင်းရင်းသားများမှာ အချင်းချင်း သတ်ပုတ်စားသောက်ကာ တိရစ္ဆာန်လိုနေရသော အခြေအနေမှ ပင် လွတ်မြောက်ကြရလေသည်။

mgyoe.com

တရားဥပဒေမှာ တန်ခိုးကြီးသူက ပြုလုပ်လျှင် တန်ခိုးငယ်သူများက လိုက်နာကြရလေသည်။ သို့ဖြစ်လေရာ တန်ခိုးကြီးလျှင် တရားကို ပိုင်သူ ဖြစ်နိုင်လေသည်။ ငွေများတရားအောင်ခြင်းသည်လည်း တန်ခိုးပင် ဖြစ်လေသည်။ တန်ခိုးကြီးဖို့နည်းမှာ စွန့်စားခြင်း၊ ဘေးရန်ကိုမကြောက်ဘဲ တောတောင်ကို ထွင်ခြင်း၊ ငှက်တော၊ ခွေးတောကိုသွားခြင်း၊ နတ်ရဲသည့် တောတောင်ကို ဖြိုဖျက်ခြင်းစသည့် အလုပ်များ ဖြစ်လေသည်။

ဟိမဝန္တာထက် အဘယ်တောတောင်မျှ ပိုမို၍ နတ်ဆိုးနတ်ဝါး ပေါများပါမည်နည်း။ သို့ပါလျက် ဥရောပတိုက်သားတို့သည် အသေခံ၍ တက်ကြ၏။ သေသောအခါလည်း နတ်ဟု အစွဲမရှိ။ အခြားအကြောင်းများ ကြောင့်ဟု ပုံသေစွဲမှတ်ကြ၏။ တစ်နေ့သ၌ တန်ခိုးကြီးသော နတ်များ အရှုံးပေးကြရလိမ့်မည်မှာ မလွဲတည်း။

ဘေးအန္တရာယ်တို့မည်သည် မြင်နိုင်သောဘေး၊ မမြင်နိုင်သောဘေး၊ တောဘေး၊ မြို့ဘေး၊ ရောဂါဘေး၊ အနာဘေး၊ မော်တော်ကားဘေး၊ ဓာတ်ရထားဘေး စသည်ဖြင့် မရေမတွက်နိုင်အောင်များ၏။ မမြင်နိုင်သော ပိုးကလေးတစ်ကောင်သည် သေးငယ်သော အနာထဲသို့ ဝင်ရောက်သဖြင့် သုံးလေးရက်အတွင်းသေနိုင်၏။

သို့ဖြစ်လေရာ ဘေးကို ရှောင်ခြင်းကြောင့်လည်း ဘေးတွေ့နိုင်လေ၏။ ဘေးကိုရှာခြင်းကြောင့်လည်း သေချင်မှသေမည်ဟု စွဲမှတ်ခါ စွန့်စားလုပ်ကိုင်ဖို့ရန် တစ်စုံတစ်ရာရှိသည့်အခါ ဘေးတွေကို တွေးကာကြောက်ဖို့ မရှိ။ ထိုဘေးများကို အဘယ်ပုံဖြင့် နိုင်အောင်လုပ်ရမည်ဟူသော နည်းလမ်းများကိုသာ ရှာကြံ၍ အလုပ်ကို ပေါက်ရောက်အောင်လုပ်ဖို့သာ လိုလေသည်။

ကြီးပွားလိုက ကျိန်းသေကို မစောင့်ရ။ ကျိန်းသေနည်းလမ်းကိုသာ မရှာရ။ ကျိန်းသေဟူ၍လည်း လောကမှာနည်းပါး၏။ ငယ်စဉ်က ပညာသင်ပြီး အစိုးရအလုပ်ကို လုပ်သောသူများမှာ အခါရောက်လျှင် ပင်စင်

mgyoe.com

mgyoe.com

ရမည်ကား ကျိန်းသေဖြစ်သော်လည်း ပင်စင်ကိုမရောက်သူတွေများစွာ ရှိကြ လေသည်။ သို့ဖြစ်လေရာ ကျိန်းသေကိုမရှာရ။ စွန့်စားလုပ်ကိုင်မှ ကြီးသော အကျိုးကို ခံစားရလေသည်။

ပညာသင်ကြားပြီးနောက် အတန်းအောင်ဖို့ရန် စာမေးပွဲများဝင်၍ စွန့်စားရ၏။ မစွန့်စားလျှင် အတန်းရမည်မဟုတ်ပေ။

စွန့်စားခြင်းသည် လူ့ပြည်၌ လူညံ့နှင့် တကယ့်ယောကျ်ားခြားနား ခြင်းကိုပြသော အလုပ်ဖြစ်လေသည်။

အလုပ်အကိုင်များ၌လည်း စွန့်စားသလောက် အမြတ်အစွန်းပို၍ ကြီးလေသည်။

လှိုက်အာမခံ ကုမ္ပဏီကြီးသည် စွန့်စားခြင်း၊ ဆေးတွေ့သော သဘော များကိုစွန့်၍ အာမခံယူခြင်းဖြင့် အမျိုး ၇ ဆက်တိုင်အောင် တိုးတက်ပြီး ကြီးကျယ်၍ လာခဲ့လေသည်။

ရဲရင့်စွန့်စားခြင်းသည် စစ်ရေးစစ်ရာ၌သာမဟုတ်။ ရောင်းဝယ်ဖောက် ကား ကြံစည်လုပ်ကိုင်ရေး၌လည်း ကြီးမြင့်ခြင်း၏ အကြီးဆုံးသော နည်း လမ်း ဖြစ်လေသည်။

စင်စစ်အားဖြင့် ဆေးအန္တရာယ်နှင့် ပျက်စီးဆုံးပါးခြင်း၊ အခက်အခဲ တွေ့ခြင်းများမှာ ရှောင်၍မရသော အရာများဖြစ်ရာ ၎င်းတို့နှင့် ရင်ဆိုင် တွေ့ဆုံရခြင်းသည် အကောင်းဆုံးသော ရှောင်နည်းဖြစ်လေသည်။ ကြီးပွား လိုသူတို့သည် ကြီးသောတာဝန်များကို မကြောက်ရ။ အများမလုပ်နိုင်သော ခက်ခဲသော အရာများကို ဖြစ်မြောက်အောင် လုပ်နိုင်သော သတ္တိရှိဖို့လို လေသည်။

သူတစ်ပါးမလုပ်ဝံ့သော အလုပ်ကို မိမိကစထွင်၍ လုပ်ဝံ့သော သတ္တိရှိမှ ရှေ့ဆောင်ဖြစ်လျက် အများထက် ပိုမိုကြီး မြင့်နိုင်လေသည်။

ထူးချွန်သောသူသည် အဘယ်အခါမှ နောက်လိုက်မလုပ်။ ရှေ့က သွား၏။ အများထဲမှာ ရောဝင်ကာ မိမိ၏ရုပ်ကို မပျောက်၊ တစ်ယောက် တည်း မြင့်သောနေရာ၌ရပ်၍ မိမိကိုယ်ကိုယ် ထင်ရှားစွာပြ၏။ အများ

mgyoe.com

mgyoe.com

တောင်ကိုသွားကြသည့်အခါ၊ ၎င်းသည် ရုတ်တရက်လှည့်ပြီး မြောက်ကို သွား၏။ သို့သွားရာ၌ အများအားဖြင့် အမှန်ကိုရောက်၏။ ကြီးပွားအောင် မြင်တိုးတက်ခြင်းလမ်းသည် ဘေးရန်အနှောင့်အယှက် တစ်မျိုးပြီးတစ်မျိုး တွေ့ရ၏။ ဘေးရန်အသစ်တစ်ခုကို ပထမအောင်မြင်သောသူသည် အကြီးဆုံးသောအကျိုးကို ခံစားရသူ ဖြစ်လေသည်။

▢

mgyoe.com

mgyoe.com

# မသေနိုင်သောနည်း

လောကဌ် လူနှစ်မျိုး ရှိ၏။ တစ်မျိုးက လူဖြစ်မျိုး၊ တစ်မျိုးက လူပျက်မျိုး ဖြစ်လေသည်။

လူဖြစ်သည် လုပ်သမျှ၊ ကိုင်သမျှ၊ ကြံသမျှဌ် အဖြစ်ကိုသာမြင်သည်။ အပျက်ကိုမမြင်။ အဖြစ်ကိုသာတွေး၍ အပျက်ကိုမတွေး။ အနိုင်ကိုသာ ထင်မြင်၍ အရှုံးကိုမထင်မမြင်။ ထိုလူမျိုး၏စိတ်သည် အမြဲထောင်လျက် မလုပ်မီက စိတ်မှာ အောင်မြင်၍ပြီးကြလေသည်။ စိတ်၌အောင်မြင်၍ ပြီးသည်နောက် လုပ်ရာ၌ အောင်မြင် ဖို့ရန် မခက်တော့ပေ။

လူပျက်မျိုးမှာကား အပျက်ကိုမြင်၊ အပျက်ကိုတွေး၊ အပျက်ကိုမျှော်၊ အပျက်ကိုခေါ်ကြလျက် မလုပ်မီက ပျက်၍နေကြသဖြင့် လုပ်သောအခါ ပျက်စီးဆုံးရှုံးခြင်းနှင့် တွေ့ကြရလေသည်။

အချို့သော သူများသည် အသိပညာ ဉာဏ်အစွမ်းသတ္တိနှင့် များစွာ မပြည့်စုံကြဘဲလျက် ကြီးပွားအောင်မြင်၍သာ နေကြ၏။

၎င်းတို့၏ လက်နှင့်ထိသမျှသော အရာတို့မှာ အောင်မြင်အထမြောက် ရလေသည်။ "မြင်းမှာချိုမပေါက်" ဟူသောစကားကဲ့သို့ ထိုလူမျိုးမှာ အသိပညာ ဉာဏ်အစွမ်းသတ္တိ အရည်အချင်းတည်းဟူသော ဦးချိုအရာ၌ များစွာ မခိုင်မလုံကြပေ။ သို့သော်လည်း မျှော်လင့်ကိုးစား အားထား ယုံကြည်သော စိတ်ခိုင်မြဲခြင်းကြောင့်၊ ကြီးပွားအောင်မြင်ကြလေသည်။

mgyoe.com

mgyoe.com

၎င်းလူမျိုးမှာ ဖြစ်လိမ့်မည်ဟု ယုံကြည်ကိုးစားသောစိတ်က အားပေးသဖြင့် အလုပ်အကိုင် အကြံအစည် တစ်ခုခုကို ပြုလုပ်ကြံစည်ကြသည့်အခါ စိတ်အားထက်သန်၍ နေကြလေသည်။

သို့ထက်သန်ခြင်းကြောင့် တစ်ကြိမ်အောင်မြင်သောအခါ အောင်စိတ်သည် အတွင်းသဏ္ဌာန်၌ အခြေစိုက်မိလေသဖြင့် အောင်မြင်ခြင်းကြောင့် အောင်စိတ်တိုး၏။ အောင်စိတ်တိုးတက်ခြင်းကြောင့် အောင်မြင်၏။ သို့ဖြစ်လေရာ "အောင်စရှိလျှင် အောင်ချင်ချင်" ဟူသော စကားအရ အောင်မြင်ခြင်းကို အထပ်ထပ်ရကြလေသည်။

၎င်းတို့မှာ အခြားသူများထက်လည်း ဝီရိယပို၍ မကြီးတတ်ကြပေ။ သို့ပါလျက် မိမိတို့ထက် ဝီရိယရှိသူများထက် ပိုမို၍ အောင်မြင်လေ့ရှိကြလေသည်။

သို့ဖြစ်လေရာ အောင်မြင်ကြီးပွားခြင်းသည် အရည်အချင်း၊ ဝီရိယသက်သက်၏ အစွမ်းမဟုတ်၊ အရည်အချင်း ဝီရိယစွမ်းရည်သတ္တိထက်ထူးသော အောင်တန်ခိုးတစ်ခုကြောင့် ဖြစ်လေသည်။

ထိုတန်ခိုးသည် လူမှန်သမျှ အထင်အရှားပင်ရှိ၏။ သို့သော်လည်းသတိမထားကြသောကြောင့် မမြင်မသိဘဲ နေကြလေသည်။

ဥပမာ အားကိုလေ့ကျင့်သော သူများမှာ ထူးချွန်သော အားကိုရရှိဖို့ရန် စိတ်၌အမြဲသိသိရရ ထင်မြင်၍ နေကြ၏။

အလုပ်ကြမ်းကို ပင်ပန်းစွာလုပ်သူများ၊ ဝန်လေးကြီးများကို ပင့်ချီထမ်းဆောင်သူများမှာ အားကျင့်သောလူများလို အားရှိဖို့ကို မထင်မမြင်၊ ဂရုမထားကြသည်အတွက် မိမိတို့ ထမ်းနေကြဖြစ်သော ဝန်ထုပ်ဝန်ပိုးများကို ပင့်ယူထမ်းချီနိုင်ရုံမှတစ်ပါး အခြားအားမရှိပေ။

ထို့အတူ လုပ်ကိုင်ကြံစည်သမျှ၌ အောင်မြင်ခြင်းကိုသာ ထင်မြင်လေ့ရှိသောသူများမှာ အောင်စိတ်တည်လျက် တစ်စုံတစ်ခုကို လုပ်ကိုင်တော့မည်ရှိသည့်အခါ အောင်မြင်မှာပဲဟူသော စိတ်က ဆောင်၍နေသဖြင့် အောင်

mgyoe.com

မြင်ခြင်းအကျင့်ရသလို ဖြစ်၍နေလေရာ စ၍လုပ်ရာ၌ပင် အောင်ပြီဟု ကျိန်းသေ၍နေလေသည်။

မာစတပ်ဖာ ပါးရှားခေါ် တူရကီပြည် အာဏာပိုင် သမ္မတကြီးသည် ဖုံး၊ အမြောက်၊ သေနတ်၊ ကျည်ဆံထိမှန်၍ မသေနိုင်အောင် အင်းအိုင် လက်ဖွဲ့များကို ဆောင်လေသလားဟု မှတ်ထင်ရလောက်အောင် အောင်မြင်ခဲ့လေသည်။

၎င်း၏စိတ်တွင် တစ်နေ့သ၌ တူရကီပြည်ကို ပြုပြင်ပြောင်းလဲမည်။ တူရကီပြည်ကို ငါ အုပ်ချုပ်မည်ဟူသောစိတ်က ဆောင်အားကြီးသဖြင့် တကယ်အုပ်ချုပ်ရလိမ့်မည်ဟူသော အထင်အမြင်နှင့် ယုံကြည်သောစိတ်သည် အံ့ဖွယ်သော တန်ခိုးအရှိန်အဝါတစ်မျိုးကို ၎င်း၏ သဏ္ဍာန်၌ ဖြစ်ပေါ်စေလျက် ထိုရည်ရွယ်ချက်သို့ မပေါက်မရောက်အောင် အနှောင့်အယှက်ဖြစ်စေမည့် ဘေးရန်များကို ထိုတန်ခိုးအရှိန်ကပင် ကွယ်ကာတားဆီးရလေလည်း။

သို့ဖြစ်သောကြောင့် အမြောက်ဆံ၊ ဖုံးဆံတို့ တဖွဲဖွဲကျ၍နေသည့် အထဲတွင် ကော်ဖီပန်းကန်ကိုကိုင်လျက်၊ စစ်မြေပြင်မှာ မားမားမတ်မတ် ရပ်ကာ အမိန့်ပေးခဲ့လေသည်။

နပိုလျံသည်လည်း ထိုနည်းမျိုးအတိုင်း ဘေးရန်အမျိုးမျိုးမှ လွတ်ကင်းခဲ့လေသည်။

အယ်ဒီဆင်သည် အသက်ရှစ်ဆယ်ကျော်ခဲ့သည်မှာ မနေမနား နေ့ရော ညရော အဆင့်ဆင့်သော အောင်မြင်ခြင်း လှေကားထစ်တွေကိုသာ ထင်မြင်၍နေခြင်းကြောင့် အောင်မြင်ရမည်။ အလုပ်များ၏ ဆုံးခန်းသို့ မရောက်သေးသမျှဟူသော စိတ်၏တန်ခိုးကြောင့် ဖြစ်လေသည်။

ကြီးကျယ်သော ရည်ရွယ်ချက်ဟူ၍ တစ်စုံတစ်ရာမျှမရှိဘဲ၊ လေယူရာသို့ လိုက်ပါသည့် မိုးတိမ်ပမာ၊ လွင့်ပါး၍နေသူများမှာ ရည်ရွယ်ရာသို့ ရောက်အောင်ပို့ဆောင်သော စိတ်၏ တန်ခိုးသတ္တိကင်းမဲ့သဖြင့် အကျိုးမရှိသော ဤဘဝမှာ ကြာကြာလည်း မနေကြရပေ။

mgyoe.com

ချိန်ရွယ်ထားသော အမှတ်တစ်ခုကို ထိမှန်အောင် ပစ်လွှတ်သော မြားများ၊ ခဲလုံးများသည် ချိန်သောအမှတ်ကို ထိရောက်အောင် တွန်းဆောင်သော အားရှိန်က ထောက်ပန့်ခြင်းကြောင့် လမ်းခုလပ်မှာ အောက်သို့ မကျဘဲ အဟုန်နှင့်သွားရလေသည်။

ထိုကဲ့သို့ဆောင်သော အားမရှိ အဟုန်မရှိက ထိုမြား ထိုခဲလုံးသည် လေဟာပြင်ကို အတောင်ပံမရှိဘဲ ဖြတ်သန်း၍ သွားနိုင်ဖို့မရှိပေ။

ထို့အတူ လူသတ္တဝါများမှာလည်း အချို့သော ခွင်းချက်မှတစ်ပါး ကြီးကျယ်သော ချိန်ရွယ်မှန်းထားချက်တစ်ခုကို မရောက်သေးသမျှ ငါ မသေနိုင်၊ ငါ မသေဘူးဟူသော စိတ်မျိုးကို စူးစိုက်ထက်သန်စွာထားသော သူတို့မှာ အများအားဖြင့် အသက်ရှည်တတ်၏။ ရည်ရွယ်ချက်သို့ မရောက်မီ မသေတတ်ကြပေ။ သေရမည့် ဘေးအန္တရာယ်အမျိုးမျိုးကို တွေ့လျက်နှင့် မသေရအောင် နတ်ကောင်းနတ်မြတ်များ ကူညီမှုင်းမ ကွယ်ကာရသည်ဟု မှတ်ထင်ရလောက်အောင် အံ့ဖွယ်သောနည်းဖြင့် လွတ်မြောက်ချမ်းသာ တတ်လေသည်။

ထိုကဲ့သို့ ဘေးအမျိုးမျိုးတို့နှင့် တွေ့ပြီးနောက် မသေကျန်ရှိသူများကို သာမန်လူများဟု မထင်မမှတ်အပ်ပေ။ ၎င်းတို့မှာ တစ်စုံတစ်ရာကို ဖြစ်မြောက်အောင်လုပ်ဖို့ရန် စိတ်၏ တန်ခိုးထက်သန်သူများဖြစ်သောကြောင့် ဖြစ်မြောက်အောင်မြင်စေမည်ဖြစ်သော ထိုတန်ခိုးက အသင်မသေရသေး။ အသင်၏ကိစ္စပြီးမြောက်မှ သေရမည်ဟုပြောဆို ကွယ်ကာစောင့်ရှောက်သည့်အလား စောင့်ရှောက်ကွယ်ကာ၍ ပေးရလေသည်။

ထိုလူမျိုးကို ဘုန်းတန်ခိုးကြီးသူများဟု ဆိုရလေသည်။ ရ ရည်ရွယ်ချက်ကြီးကျယ်စွာမရှိ သူများမှာ ထိုကဲ့သို့ အဆောင်စိတ်တန်ခိုး ကင်းမဲ့ခြင်းကြောင့် ဘေးအန္တရာယ်တစ်ခုခုနှင့် တွေ့သည့်အခါ ပျက်စီးသေဆုံး လူညွန့်တုံးတတ်ကြလေသည်။

mgyoe.com

mgyoe.com

သို့သော်လည်း ဤစကားသည် မလွဲမှားနိုင်သော ပရမတ္ထသဘော တရားမဟုတ်ပေ။ သေခြင်း၏ အကြောင်းတို့သည် များစွာရှိ၏။ ဤဖော်ပြချက်မှာကား ဖြစ်တတ်သည့် သဘောတရားကို ဖော်ပြခြင်းမျှသာ ဖြစ်လေသည်။

သို့သော်လည်း ဤအလုပ်မပြီးသေးသမျှ ငါမသေသေးဘူးဟု စူးစိုက်ထက်သန်စွာအမှန်တကယ် ယုံကြည်လျက်။ စိတ်ကို အမြဲတင်းဆောင်၍ထားသူများမှာ တစ်ရာလျှင် ခုနစ်ဆယ်, ရှစ်ဆယ်တို့သည် မသေမပျောက်ရည်ရွယ်ချက်စခန်းကို ပေါက်နိုင်ကြကြောင်း။ ကြီးမြင့်ကျော်ကြား၊ ထူးခြားသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများဖြင့် သိရလေသည်။ ၎င်းတို့မှာ သေကျေပျက်စီးလောက်သော ဘေးအန္တရာယ်တို့နှင့် အခါခါ တွေ့ခဲ့ရကြောင်း စုံစမ်းလျှင် သိနိုင်လေသည်။

□

mgyoe.com

mgyoe.com

## စိတ်ပျက်သလား

လူမှာ စိတ်သည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားတို့ ကြီးပွားတိုးတက်ရေးကို လိုလားသော မျိုးချစ်စာရေးဆရာ ဟူသမျှတို့သည် အရပ်ရပ်သော မဂ္ဂဇင်း၊ ဂျာနယ်တို့မှာ အနည်းနည်းအဖုံဖုံ ရေးသားဖော်ပြကြသဖြင့် အတော်ပင် သိနားလည်ကြပြီးဖြစ်ရကား စိတ်တန်ခိုးသတ္တိအကြောင်းကို အကျယ်ချဲ၍ ရေးသားဖော်ပြရန် လိုတော့မည်မဟုတ်ချေ။

အလုပ်ဟူသမျှ၌ စိတ်က ဆောင်လေသည်။ စိတ်ရှေ့သွားမှ အလုပ်လိုက်၍ ဖြစ်၏။ စိတ်ရှေ့သွားမရှိ၊ စိတ်မဆောင်က အလုပ်မအောင်မြင်နိုင်ကြောင်းကိုလည်း အထူးရေးသားဖော်ပြရန် မလိုလောက်အောင် သိသာထင်ရှား၍နေလေသည်။

သို့ဖြစ်လေရာ၊ လုပ်ကိုင်ကြံစည်မှု ဟူသမျှ၌ အဘယ်မျှပင် ဂြိုဟ်ဆိုးကြမ္မာ ဖိနှိပ်ကာ အဘယ်မျှပင် စိတ်ပျက်စရာ အခြေအနေတို့နှင့် တွေ့ကြုံ၍ နေရစေကာမူ အဘယ်မျှပင် ပျက်စီးနစ်မွန်း၍ နေစေကာမူ စိတ်မပျက်သေးသမျှ စိတ်ကိုဆောင်လျက်ရှိသေးသမျှ ကာလပတ်လုံး အဟုတ်တကယ်မပျက်မစီး မဆုတ်မနစ်ပေါ်လျက်သာ ရှိနေရမည်ကား မလွဲပေ။ လူမှန်က အဘယ်အလုပ်မှာမဆို စိတ်ညစ်စရာ စိတ်ပျက်စရာအခြေအနေ အဖြစ်အပျက် အခက်အခဲတို့နှင့် တွေ့ရမြဲဖြစ်ကြလေသည်။

mgyoe.com

mgyoe.com


သို့သော်လည်း အလုပ်အကိုင်တစ်ခုခုကို စတင်တည်ထောင် လုပ်ကိုင်ရာ၌ အများအားဖြင့် ထိုကဲ့သို့သော စိတ်ပျက်ဖွယ်ရာ အခက်အခဲတို့နှင့် တွေ့ကြရသည်ကို တင်ကြို၍မကြည့်ကြ။ တင်ကြို၍ မထင်မမြင်ကြဘဲ ငါ ၁၀၀ ရင်းလျှင် တစ်ထောင်ဖြစ်မည်၊ တစ်ထောင်က တစ်သောင်းဖြစ်မည်ဟူ၍သာ စိတ်ကူးကာ မိမိတို့သွားရမည့်လမ်းကို လွန်စွာရှင်းလင်းလွယ်ကူသည်ဟု မှတ်ထင်မြဲဖြစ်ကြလေသည်။

ဤကဲ့သို့သော သူများမှာ ခက်ခဲခြင်းတစ်ခုခုနှင့် တွေ့ရသော အခါ၌ တင်ကြို၍ မတွေးမခေါ် မမြော်မမြင်သဖြင့် ထိတ်လန့်ကြောက်ရွံ့ကာ၊ အခက်အခဲကလေးကိုပင် အခက်အခဲကြီး မှတ်ထင်လာတတ်ကြလေသည်။

ထိုကဲ့သို့ မှတ်ထင်မိသည်နှင့် တစ်ပြိုင်နက် အကြောက်စိတ်ပင်၍ လာတတ်လေသည်။ အကြောက်စိတ်သောအခါ စိတ်အားသတ္တိဒီဂရီသည် အအေးထိသော ပြဒါးချိန်ပမာ တွန့်ကြုံဆုတ်ယုတ်ပြီး၊ အနိမ့်ကြီးနိမ့်၍ သွားတတ်လေသည်။ ထိုကဲ့သို့ အနိမ့်ကြီးနိမ့်၍ သွားသောအခါ အခက်ကလေးမှာ အမြင့်ကြီးမြင့်လျက် တောင်ကြီးလိုဖြစ်ပြီးလျှင် နိမ့်သောစိတ်သည် မြင့်သောခက်ခဲခြင်း တောင်ကို မော်၍ကြည့်ရလေသည်။

သို့ မော်၍ကြည့်ရသည့်အခါ အလွန်တရာမှမြင့်ပါကလား။ သည်တောင်ကို ငါကျော်နိုင်ပါ့မလား ဟူသော ကြောက်စိတ်သည် နိမ့်သောစိတ်ကိုတိုးပြီး ဖိနှိပ်၍ချုပြန်သောကြောင့် ခက်ခဲခြင်း၏ တောင်မြင့်ကိုတိုး၍ မြင့်သည်ဟု မှတ်ထင်ရလေသည်။ စင်စစ်မှကား ခက်ခဲခြင်းက စိတ်ကို ဖိစီးနှိပ်စက်၍ ချသည်မဟုတ်။ မိမိ၏ကြောက်သောစိတ်က ဖိနှိပ်၍ချခြင်းဖြစ်လေသည်။

ခက်ခဲခြင်းတည်းဟူသော တောင်သည်ကား ကြောက်ရွံ့သူကို တစ်စုံတစ်ရာမျှ မလုပ်ရုံမက၊ ငုံ့၍ကြည့်ကာ ရယ်မောလျက် "ဟဲ့ငမိုက်၊ ငါနင့်ကို ဘာမျှမလုပ်ဘူး၊ တက်ခဲ့၊ လာခဲ့ နင်အပေါ်ကိုရောက်လျှင် အဘယ်လောက်သာယာတယ်ဆိုတာကို ငါပြချင်လို့၊ ငါနင့်အတွက် မြင့်မြင့်ကလာရပ်ပြီးနေတာ၊ လောကဓာတ်ကြီးကို နင်အကုန်မြင်ရအောင်ပြချင်လို့၊ တက်လော့

mgyoe.com

ဟု ငါ အသင့်ကို ခေါ်၏။ အဘယ်ကြောင့် ငါ့ကို ကြောက်ရသနည်း။ မော်၍ ကြည့်စမ်းလော့။ ငါ၏ ဦးထိပ်၌ ပတ်ရစ် ပန်ဆင်၍ထားသော တိမ်ပန်းတိမ်ညွန့်တွေ၊ အဘယ်မျှလောက် သာယာသည်ကို အနီးကပ်မြင်ရအောင် တက်လော" စသည်ဖြင့် ချိုပြုံးသာယာသော မျက်နှာနှင့် ခက်ခဲခြင်းသည် ခေါ်၏။

သို့သော်လည်း သူရဲဘောနည်းသော စိတ်သည် မော်၍မကြည့်ဝံ့ဘဲ ခေါင်းငုံ့ကာ နိမ့်ရာကိုသာကြည့်၏။ အကြောင်းမူကား အနိမ့်ကိုဆင်းရခြင်းသည် အမြင့်ကိုတက်ရခြင်းထက် များစွာ ပိုမို၍ လွယ်ကူလေသည်။

ဤကဲ့သို့ခက်ခဲခြင်းတည်းဟူသော တောင်နှင့် ရင်ဆိုင်တွေ့သောအခါ ခက်ခဲခြင်းသည် အဘယ်မျှပင် ကြီးမားစေကာမူ၊ မကြောက်မရွံ့။ မတွန့်မဆုတ်၊ စိတ်အားမဆုတ် မယုတ်သေးသမျှ ကာလပတ်လုံး တကယ်မပျက်မစီး မလိမ့်မလဲနိုင်။ ငါမတက်နိုင်တော့ပါဘူး။ သည်တောင်ကို ငါမကျော်နိုင်တော့ပါဘူးဟု စိတ်ကို လုံးလုံးကြီး လျှော့လိုက်သောအခါ ကျမှ စိတ်ပျက်၍ အဟုတ်တကယ်၊ အကြီးအကျယ် ပျက်စီးခြင်းသို့ အမှန် မုချရောက်နိုင်လေသည်။

ထိုကဲ့သို့ စိတ်ပျက်သောအခြေအနေသို့ ရောက်သောအခါ အထက်ထက်က စိတ်ကဆောင်သဖြင့် ကိုယ်ခန္ဓာကို ရန်မရှာနိုင်ဘဲနေသော ရောဂါအဟောင်းအမြင်းများသော်မှ အဆိပ်ထန်၍ လာပြီးလျှင် စိတ်ပျက်၍ ဆုတ်ယုတ်သော အသွေးအသားခန္ဓာကိုယ်ကို အခုမှ ငါတို့နိုင်သည်ဟု အားတတ်ကာ ထ၍လာပြီး နှိပ်စက်ဖျက်ဆီးသဖြင့် စိတ်ပျက်သူမှာ ရောဂါဖိစီး၍ အသက်တိုင်ရောက်တတ်လေသည်။ အကြီးအကျယ် စီးပွားပျက်စီးပြီးနောက် အသက်သေဆုံးရသူတို့မှာ အများအားဖြင့် ဤနည်းမျိုးအတိုင်းသာ ဖြစ်ကြလေသည်။

အလုပ်တစ်ခုခု၏ အစ၌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အကောင်းတွေကို မကြည့်ဘဲ ငါ၏အလုပ်၌ တစ်ချက်ချက်မှာ အခက်အခဲကေန်တွေ့မှာပဲ။ တွေ့လျှင် ငါခံနိုင်မလား။ ငါ အဘယ်ပုံခုခံမည် စသည်

mgyan.com

mgyoe.com

ဖြင့် တင်ကြိုထင်မြင်၍ ထားသူတို့မှာ အခက်အခဲနှင့် တွေ့သောအခါ၌ "အောင်မယ်၊ သူငယ်ချင်း ငါဒီလမ်းလာကတည်းက မင်းကိုတွေ့ဖို့ မျှော်လင့် နေတာ။ အခုဖြင့် တွေ့ရမှကိုး။ မင်းကို အခု ငါတွေ့ရသော နေ့ထူး နေ့မြတ်ပဲ။ ငါ၏မင်္ဂလာရှိသောနေ့ပဲ။ မင်းနှင့်တွေ့ရင် မင်းကျောကို စီးမည်လို့ စိတ်ကူးကြံစည်၍လာဆဲမှာ အခန့်သင့်တွေ့တာပဲ။ အောင်မယ် ငါ့ကို မလှန့်ပါနဲ့ကွယ်။ မင်းဘယ်လိုပင် မင်း၏ကိုယ်ကို ဆန့်၍ ရပ်စေကာမူ၊ ငါက ကုန်းဆိုလျှင် မင်းငါ့ကို ကုန်းပြီး ငါ၏လမ်းအဆုံးသို့ ရောက်အောင် မင်းပိုးရမဲ့အကောင်ပဲ"ဟူသော စိတ်မျိုးဖြင့် ရယ်ကာမောကာ ခက်ခဲခြင်းတည်းဟူသော အဆွေခင်ပွန်း၏ဘိုကေကို ဆွဲကိုင်ကာ အတင်း နှိပ်၍ ကျောကို စီးဖို့သာ စိတ်ကိုဆောင်သောသူမှာ အဘယ်နည်းနှင့်မျှ မပျက်မစီးနိုင်။ ခက်ခဲခြင်းသည် ကေန်ဒိဋ္ဌကုန်း၍ ပိုးရမည်ကား အခက်အခဲကို နိုင်နင်းအောင်မြင်၍ ကြီးပွားခြင်း၏ လမ်းဆုံးသို့ရောက်ခဲ့သူပေါင်း များစွာတို့၏ အတိတ်ထုံး နမူနာကို ထောက်သဖြင့် သိရလေသည်။

ထို့ကြောင့် အလုပ်လုပ်ကိုင်ရာ မိမိလမ်းခရီး၌ အခက်ကလေးများနှင့် တွေ့ဆုံသောအခါ စိတ်မပျက်ဘဲ ဟန်ဆောင်နေသော ထိုအခက်အခဲများ ကို ကျော်နင်း၍သာ သွားအပ်လေသည်။ .

❐

mgyoe.com

mgyoe.com

# ကိုယ့်ဟာကိုယ်လုပ်

လောကဥ္စ ကြီးပွားတိုးတက်ခြင်း၏ လမ်းသစ်ကို ထွင်ကြသူတို့သည် အသစ်ထွင်သူများသာ ဖြစ်ကြလေသည်။

ကမ္ဘာပေါ်၌ ခေါင်းဆောင် ရှေ့သွားလမ်းပြလုပ်သူတို့သည် အတုခိုးသူများ မဟုတ်ကြချေ။ ကိုယ်ပိုင်ဉာဏ်နှင့် လုပ်သောသူသည် လူနှင့်တူ၏။ အတုခိုးသောသူသည် မျောက်နှင့် တူလေသည်။ အကြောင်းမူကား မျောက်တို့သည် လူကို တုကြရလေသည်။

၎င်းကိုယ်တိုင် ဉာဏ်စွမ်းသတ္တိကို အသုံးပြုသော ခေါင်းဆောင်တို့သည် အစဉ်အလာကို ဂရုမစိုက်သူများ ဖြစ်ကြလေသည်။ အစဉ်အလာ ရှေးထုံးရှေးနည်းကို မကောင်းလျှင် ရဲဝံ့စွာ ဖျက်ဝံ့ကြလေသည်။

ကြောက်တတ်သော သူတို့သည် အဘယ်မျှပင် စွမ်းရည်သတ္တိနှင့် ပြည့်စုံစေကာမူ ခေါင်းဆောင်မဖြစ်နိုင်။ အကြောင်းမူကား မည်သည့်အရာကိုမျှ ကိုယ်ပိုင်ဉာဏ်နှင့် မလုပ်ဝံ့၊ အစဉ်အလာကို မဖျက်ဝံ့၊ အများထုံးစံကို ဖီဆန်ရန် မဝံ့ကြသူများ ဖြစ်ကြလေသည်။ အများနှင့် ဆန့်ကျင်စွာ မလုပ်ဝံ့က ဘုရားသော်မှ ဘုရား မဖြစ်နိုင်ချေ။

အများနှင့် ရောသူတို့သည် လူပျော့ လူကြောက်တွေ ဖြစ်ကြလေရာ အများနှင့်မရောဘဲ မိမိသဘောအတိုင်း ကောင်းသည်ဟုထင်ရာကို လုပ်ရဲ



mgyoe.com

mgyoe.com

သူတို့မှာ တစ်ရာမှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက် ရှိကြသဖြင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် မိမိတို့၏ ခေတ်အခါ၌ အများကဲ့ရဲ့ခြင်းကို ချက်ချင်းခံရ၍ ချီးမွမ်းခြင်းကို နောက်မှ ခံကြရမြဲ ဖြစ်လေသည်။

သို့သော်လည်း နောက်မှ ခံရသော ချီးမွမ်းသည် မြဲ၏။ ချက်ချင်းခံရသော ကဲ့ရဲ့ခြင်းသည် မမြဲသဖြင့် လေးစားကြောက်ရွံ့စရာ မဟုတ်ချေ။ ချက်ချင်း ချီးမွမ်းခံရပြီးနောက် မေ့လျော့ပျောက်ပြယ်၍ သွားချေကလည်း ဝမ်းသာစရာ မဟုတ်ချေ။

ကြီးပွားတိုးတက်သူ၊ ကမ္ဘာပေါ်၌ အကြီးအကျယ်တို့ကို လုပ်ကိုင်ကြံစည်၍ အထမြောက်အောင်မြင်သူ၊ ပညာထူးပညာဆန်းတို့ကို ရအောင်ကြံသူတို့သည် တွေးခေါ်ကြံစည်ရာ၌ အများနှင့်မတူ၊ တစ်ဦးတည်းသော ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုကြသော ဘုရားငယ်ကလေးတွေ ဖြစ်ကြလေသည်။ အကြောင်းမူကား သူတစ်ပါး၏ဉာဏ်ကို မယူဘဲ ကိုယ်ပိုင်ဉာဏ်ကို သုံးခြင်းသည် ဘုရား၏အလုပ် ဖြစ်လေသည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့သည် ဟောင်းသောအစဉ်အလာတို့ကို အမြဲအလေးဂရုမပြု၊ ပယ်သင့်သည်ဟု ယုံကြည်လျှင် ချက်ချင်းပယ်ဝံ့ကြ၍ ၎င်းတို့သည် အဟောင်းကို မလေးစား၊ အသစ်ကို တိုးတက်ချဲ့ထွင်ဖို့ကိုသာလျှင် ကြိုးစားကြလေသည်။

လောက၌ ကြီးပွားတိုးတက်ခြင်း၏ လမ်းသစ်ကို ထွင်ကြသူတို့သည် အသစ်ထွင်သူများသာ ဖြစ်ကြလေသည်။ ၎င်းတို့သည် အမှိုက်ကို မီးရှို့သလို အဟောင်းကိုမီးရှို့၍ လမ်းသစ်ကို ထွင်ကြရာ၊ ကမ္ဘာသူကမ္ဘာသားတို့မှာ ၎င်းတို့၏ ဉာဏ်သီးဉာဏ်ပွင့်တည်းဟူသော အကျိုးဆက်ကို ခံစားကြရလေသည်။

ထိုလူမျိုးသည် မိမိတို့၏သတ္တိကို မိမိတို့ ယုံကြည်သူများ ဖြစ်ကြ၏။ ၎င်းတို့သည် နောက်လိုက်နောက်ပါ သြဘာလက်ခုပ်တီးသူ မပါဘဲ မိမိတို့ဘာသာ အထီးကျန် ထင်ရာကို လုပ်ရဲကြ၏။ ၎င်းတို့သည် အများ၏

mgyoe.com

mgyoe.com

အားပေးကူညီခြင်း မရှိမှာကို မကြောက်။ ရဲရင့်၍ ရေတံခွန်ပမာ မကုန်နိုင်သော ဉာဏ်သစ်တွေကို ရကြလေသည်။ ၎င်းတို့သည် သူတစ်ပါးမလုပ်ဝံ့သော အသစ်တို့ကို လုပ်၏။ သူတစ်ပါး မသွားဝံ့သောလမ်းကို သွား၏။ သူတစ်ပါး မကြံဝံ့သော အကြံကို ကြံကြသူများ ဖြစ်ကြလေသည်။

❐

mgyoe.com

mgyoe.com

# နောင်တ

ဤလောကကြီးသည် နောင်တသံဝေဂရ၍ မဆုံးသော လောကကြီးဖြစ်၏။

လူသည် နောင်တရတတ်သော သတ္တဝါမျိုးဖြစ်၏။ မှားယွင်းသော အရာတစ်ခုခုကို ပြုမိသဖြင့် ထိုကဲ့သို့ ပြုမိခြင်းကြောင်း မိမိမှာ ထိပါးနာကျင် ပူပင်သောကဖြစ်ရသောအခါ၌ ငါမှားလေစွတကားဟု နောင်တ တစ်ဖန် ပြန်၍ရ၏။

နောင်တဟူသော စကားသည် မှားယွင်းပြီးနောက်မှ ပြန်၍ (တ)ရခြင်းကို ဆိုလိုသည်။

အသက်အရွယ် လွန်ပြီးသူတို့သည် လွန်ခဲ့သော ပျိုရွယ်စဉ်အချိန်တို့ကို ပြန်၍ တွေးတောကာ အမှားတွေကို ပြန်၍မျှော်ကာ ပျိုရွယ်သော အချိန်ကို ပြန်၍တ၏။ ပျိုရွယ်စဉ်က ပေါ့လျော့ခဲ့ခြင်းများကို ပြန်၍ဆင်ခြင်ကာ ငါမှားလေစွတကား၊ ငါ့ဗိုလ်ကြီး ငါ့ကိုဘိလပ်ခေါ်တုန်းက လိုက်သွားရရင် ယခုအခါ အငြိမ်းစားအရေးပိုင်တစ်ယောက် ဖြစ်နေမှာပဲ၊ ငါမိုက်လို့သာ အခုလို ဆင်းရဲရတာပဲ။ ယယ်ယယ်က လူကြီးမိဘများ အရေးပိုင်ရုံးသွင်းပေးတုန်းက စွဲမြဲပြီး အလုပ်လုပ်ခဲ့ရင် အခု ငါဝန်ထောက်ဖြစ်မှာပဲ၊ ငါ့နောက်က ကျောင်းထွက်တဲ့ နီတွတ်ဟာ ကျောင်းမှာနေတုန်းက ငါတို့

mgyoe.com

ထိုးတိုင်းရိုက်တိုင်း ခံရတဲ့ ချာတိတ်ကလေးပဲ။ အခုတော့ တရားသူကြီး ဖြစ်နေပြီ။ ငါ့မိဘက ဆရာမှုတ်ကျောင်းမှာထားတုန်းက ပညာကို ကြိုးစား သင်လိုက်ရရင် အခု ဘာဒီလိုနေမလဲ၊ ငါမိုက်လို့ပေါ့ သူငယ်ချင်းရယ်၊ ငါ့ ပထမ မယားကြီးနဲ့တုန်းက ငွေကို ရေလိုသုံးခဲ့တာပေါ့၊ ထိုအခါက တစ်နေ့သုံးခဲ့တဲ့ငွေကို အခုများရရင် တရင်းတနှီးပေါ့ သူငယ်ချင်းရယ် စသည်ဖြင့် လွန်လေပြီးသော အမှားတွေကို ပြန်၍တွေးတောကာ အကျိုးမဲ့ နောင်တရကြသူတို့သည် များစွာ ရှိကြလေသည်။

ငါ ရန်ကုန်မှာ အလုပ်လုပ်နေတာ အကောင်းသားကွယ်၊ အခုလောက် ရှိရင် ပါပရိုဖြစ်ပြီး လခငါးရာထက် ဘာနည်းမလဲ၊ ဒီပါ့တမင်အင်ချပ် ဖြစ်နေမှာပဲ၊ ဟိုမအေပေး ဆတ်ဆော့တာနဲ့ နမ္မတူရောက်ပြီး ငှက်ဖျားစွဲ ပြန်လာရတာပဲဟူ၍ ညည်းညူကာ ဝင်လုဆဲဆဲ နေရောင်သည် လွန်ခဲ့ သော တောင်ထိပ်များကိုပြန်၍ ရောင်ခြည်ဖြင့် ကြည့်သလို အတိတ်ကို ပြန်တွေးတော ငေးမောရှုမျှော်ကာ မချမ်းမသာ ဖြစ်ရသူတွေလည်း အများ ကြီး ရှိကြလေသည်။

ဟိုအခါတုန်းက ဒို့များသုံးလိုက်တာ ဘာပြောစရာရှိမလဲ၊ တစ်နေ့ တည်း တစ်ထောင်ကုန်တယ်၊ ယောက္ခမကြီးဆိုတာ ငါ့အသံကို ကြားရင် နားကြောကစိမ့်တယ် သူငယ်ချင်းရဲ့၊ အခုတော့ ခွေးဘဝရောက်ပြီး ဂါတ် စာရေးလုပ်နေရတယ်။ ဘာအသုံးကျတဲ့ ငါ့ဘဝလဲဟူ၍ ညည်းတွား ပြော ဆို အတိတ်ကိုလွမ်းလျက် တမ်းတသူတို့လည်း အခါခါ ကြားရဖူးလေ သည်။

ဤလောကသည် နောင်တသံဝေဂ အကြိမ်ကြိမ်ရ၍ မဆုံးသော လောကကြီးဖြစ်၏။ လူသာမဟုတ် အနောက်တိုင်း ဘာသာခြား ခရစ်ယာန် ကျမ်းတို့၌ လူကို ဖန်ဆင်းသည်ဆိုသော ထာဝရဘုရားသော်မှ လူသတ္တဝါ တို့ကို ဖန်ဆင်း၍ပြီးသည့်နောက် မိမိဖန်ဆင်းသောလူများ ဆိုးသွမ်းသည် ကို တွေ့မြင်သောအခါ ငါသည် လူကို ဖန်ဆင်းမိတာ မှားလေခြင်းဟု ညည်းတွားတော်မူသည်ဟု ဓမ္မဟောင်းကျမ်းစာ၌ တွေ့ရှိရလေသည်။

mgyoe.com